ပြည်သူ့လွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဦးသက်ပုံ

မြန်မာ - တရုတ် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ တာဝန်ရှိပုဂ္ဂိုလ်များအား လက်ခံတွေ့ဆုံ

နေပြည်တော်၊ နိုဝင်ဘာလ ၁၂ ရက်

ပြည်သူ့လွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဦးသက်ပုံသည် မြန်မာ - တရုတ် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းမှ တာဝန်ရှိပုဂ္ဂိုလ်များအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ၊ ရေးရာဆောင် အမှတ် (I-12) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးနည်းပညာ၊ လယ်ယာသုံးပစ္စည်းများအား တောင်သူများထံသို့ အကူအညီပေးနိုင်ရေး၊ မျိုးကောင်းမျိုးစေ့များ ရရှိနိုင်ရေး၊ စိုက်ပျိုးရေး တောင်သူများ သီးနှံအထွက်တိုးနှုန်းမြင့်မားရေးဆိုင်ရာ သင်တန်းများနှင့်စပ်လျဉ်း၍ ဖောင်ဒေးရှင်း အနေဖြင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြောကြားပြီးနောက် ကော်မတီအဖွဲ့ဝင် များမှ တောင်သူလယ်သမားများ၏ အကျိုးစီးပွားဖြစ်ထွန်းနိုင်ရေး ဆိုင်ရာကိစ္စရပ်များ နှင့်စပ်လျဉ်းပြီး ပြန်လည်အကြံပြု ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး ဦးထွန်းလွင်နှင့် ကော်မတီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။